# ကုမ္ပဏီများသို့အသိပေးကြေညာခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အွန်လိုင်းမှတ်ပုံတင်စနစ်တွင် ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည့်အပြင် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကိုပါ လေးစားလိုက်နာကြရမည် ဖြစ်ပါသည်။

၂။ အချို့သောကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ၎င်းတို့နှင့် ဆက်စပ် လုပ်ကိုင်နေသော အစိုးရဌာန၊ အဖွဲ့အစည်းများမှချမှတ်ထားသော ဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် အဆိုပါ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အမည်ပျက်စာရင်း ကြေညာခြင်းခံနေရကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အွန်လိုင်းမှတ်ပုံတင်စနစ်တွင် ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအပြင် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိကြောင်း တွေ့ရှိရပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် အမည်ပျက်စာရင်းကြေညာခံရသော ကုမ္ပဏီအဖြစ် မှတ်ပုံတင်အရာရှိက အများပြည်သူသိရှိစေနိုင်ရန် ကြော်ငြာသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန